# ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
# Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်

နေ့စွဲ - ၂၇. ၉. ၀၉

### သူငယ်ချင်းမိတ်ဆွေဖြစ်မှုကိုလက်တွေ့ခံစားခြင်း(Friendship Experienced)

"ထိုသို့ခွဲခန့်မှတ်သားနှင့်သောသူတို့ကို ခေါ်တော်မူ၏။ ခေါ်တော်မူသောသူတို့ကိုလည်း ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏။ ထိုသို့ တည်စေတော်မူသောသူတို့ကိုလည်း ချီးမြှောက်တော်မူ၏။" ရော ၈း၃၀

"သို့သော်လည်း ကရုဏာတော်နှင့် ကြွယ်ဝတော်မူသောဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသောမဟာ မေတ္တာတော်အားဖြင့်၊ ဒုစရိုက်အပြစ်၌ သေလျှက်ရှိသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ တော်မူပြီ၊ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ ရောက်ရ၏။" ဧဖက် ၂း၄-၅

"ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟူ၍မခေါ်၊ ကျွန်မူကား ကိုယ်သခင်ပြုသောအမှုကို မသိ၊ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏၊ အကြောင်းမူကား ငါသည် ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့ အား ငါပြသ၏။" ယော ၁၅း၁၅

ရောမ ၈း၃၀ တွင် ဘုရားသခင်က ကျွန်တော်တို့ဘဝများထဲသို့ သူ၏ သူငယ်ချင်းမိတ်ဆွေဖြစ်မှုကို မည်ကဲ့သို့ ပြန်၍တည်စေသည်ဆိုသည့် ကယ်တင်ခြင်းအစီအစဉ်(Order of salvation)ကို တွေ့ရသည်။

#### ၁။ ကျေးဇူးတော်၏ထိတွေ့မှု(The Touch of Grace)

ကျွန်တော်တို့သည် သဘာဝအားဖြင့် အပြစ်ထဲ၌ သေနေကြသည် (ဧဖက် ၂း၁-၂)။ ထိုကြောင့် လောကထဲတွင် သူစိမ်းဆန်ခြင်းသည် အမြဲတမ်းရှိနေခြင်းဖြစ်သည်။ လူတိုင်းသည် ပထမအနေနှင့် ကိုယ့် အတွက်သာ ကြည့်ကြပါသည်။ ရလဒ်မှာ မည်သူကမျှ မည်သူ့ကို မယုံရတော့ခြင်းဖြစ်သည်။ ယာကုပ် ၄း၁က ပြောသလိုဖြစ်သည်၊ "သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အဘယ်ကြောင့် ဖြစ်သနည်း။ သင်တို့အင်္ဂါများ၌ စစ်ပြိုင်သော ကိလေသာကာမ(တပ်မက်သော)စိတ်ကြောင့် မဟုတ်လော။" လူတိုင်း သည် မိမိတိုးတက်ခြင်းအတွက်သာ တိုက်ပွဲဝင်နေကြပါသည်။

ထိုအထဲတွင် မပါသူ တယောက်တည်းသာရှိပါသည်၊ သခင်ယေရှုခရစ်တော်ဖြစ်သည်၊ "အကြောင်း မူကား၊ ငါသည် ကိုယ့်အလိုသို့လိုက်ခြင်းငှာ ကောင်းကင်မှဆင်းသက်သည်မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူ သောအလိုတော်သို့ လိုက်ခြင်းငှာ ဆင်းသက်၏၊ ငါ့ကိုစေလွှတ်တော်မူသော ခမ်ည်းတော်၏အလိုတော် ကား၊ ငါ့အားပေးသမျှသူတို့တွင် တစုံတယောက်မျှ ငါမပျောက်စေရဘဲ၊ နောက်ဆုံးသောနေ့၌ ထိုသူအ ပေါင်းတို့ကို ထမြောက်စေမည်ဖြစ်၏" ယော ၆း၃၈-၃၉။

ထို့အပြင် သခင်ယေရှုသည် မိမိ၏အမှန်တရားဝိညာဉ်တော်ကို၊ သူကယ်တင်သောသူအားလုံးတို့ ၏နှလုံးသားများထဲသို့ ပို့ဆောင်တော်မူသည်၊ ထိုသို့ဖြင့် သူတို့သည် မိမိတို့အပြစ်များကိုမြင်လာကာ၊ သူ တို့ကို ကယ်တင်မည့်သူလိုအပ်ကြောင်း သဘောပေါက်လာကြပါသည်၊ သခင်ယေရှုကိုယ်တိုင်က ယော ၃း၃ တွင်ပြောသကဲ့သို့ဖြစ်လာပါသည်၊ "ဒုတိယမွေးခြင်းမခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံ တော်ကို မမြင်ရ။"

#### ၂။ သူငယ်ချင်း၏အသံ(The Voice of a Friend)

ဖြစ်ပုံမှ၍သို့ဖြစ်သည်။

သခင်ယေရှုက သူ၏တပည့်များကို နောက်ဆုံး၍သို့မှာခဲ့သည်၊ မာကု ၁၆း၁၅"တကမ္ဘာလုံးသို့ သွား၍၊ လူအားလုံးထံ ဧဝံဂေလိတရားကိုဟောကြပါ။" ထိုအချိန်မှစ၍ သတင်းကောင်းသည် တိုင်းနိုင်ငံ တိုင်း တကမ္ဘာလုံးသို့ရောက်ရှိခဲ့သည်။ ထိုသို့ရောက်သောအခါ ကွဲပြားသောအကျိုးသက်ရောက်မှုများ ရှိ လာပါသည်၊ ပေါလုက ၂ကော ၂း၁၆ တွင်ပြောသလိုဖြစ်သည်၊ "ဆုံးရှုံးသောသူတို့၌ကား၊ သေခြင်းတိုင်

အောင် သေခြင်း၏အမွေးအကြိုင်ဖြစ်ကြ၏။ ကယ်တင်သောသူတို့၌မူကား၊ အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွေးအကြိုင်ဖြစ်ကြ၏။ သို့ဖြစ်၍ ဤအမှုအရာတို့နှင့် အဘယ်သူထိုက်တန်သနည်း။”

အချို့တိုက သတင်းကောင်းကိုကြားသော် ဆန့်ကျင်ဖက်ပြုခြင်းဖြင့် တုန့်ပြန်ကြသည်။ဘာမှမထူးသလို၊ ခရစ်တော်ကို မုန်းတီးစွာတုန့်ပြန်ကြသည်။ ၁ပေ ၂း၈ “ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာကျောက်လည်းဖြစ်၏။ ထိုအမှုနှင့်တွေ့စေခြင်းငှာ ထိုသူတို့ကို ခန့်ထားသတည်း။” သို့သောအချို့တို့သည် သတင်းကောင်းကိုကြားသော် စိတ်ပြောင်းလဲ၍၊ သူတို့နှလုံးသားများထဲမှ ယုံကြည်ခြင်းကို ထွက်ပေါ်လာစေပါသည်။ ရောမ ၁၀း၁၇၊ “သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။” ထိုသူတို့သည် ဘုရားသခင်၏ဝိညာဉ်တော်က သူတို့နှလုံးသားများကို ဖွင့်ပေးတော်မူသောကြောင့် ယုံကြည်လာကြခြင်းဖြစ်သည်၊ လုဒိကဲ့သို့သောသူများဖြစ်သည်။ တမန် ၁၆း၁၄ “ပေါလုပြောသောအရာကို မှီဝဲဆည်းကပ်ခြင်းငှာ သူ၏စိတ်နှလုံးကို သခင်ဘုရား ဖွင့်တော်မူ၏။”

ထိုယုံကြည်ခြင်းမှနေ၍၊ အခြားသော ခရစ်ယာန်အသက်တာ၏ ကောင်းချီးမင်္ဂလာများအားလုံး ရောက်လာခြင်းဖြစ်သည်၊ ရော ၁း၁၇ “ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့်(မှနေ၍)အသက်ရှင်လိမ့်မည်။” ယုံကြည်ခြင်းသည် ကျွန်တော်တို့ကို ခရစ်တော်နှင့်ဆက်သွယ်ရန် ပြုလုပ်ပေးသော ကြားခံပစ္စည်းဖြစ်သည်။ ထိုကြားခံပစ္စည်းမှနေ၍ ခရစ်တော်၏အသက်တာသည် ကျွန်တော်တို့ထံ စီးဝင်လာခြင်း ဖြစ်သည်။ စပျစ်ပင်မှတဆင့် စပျစ်ကိုင်းများသို့ ခွန်အားများစီးဝင်၍၊ အကိုင်းများက အသီးသီးကြသည်နှင့်တူပါသည် (ယော ၁၄း၁-၅)။

ထိုအဖြစ်မှစီးဆင်းလာသည့် ပထမဆုံးအကြီးမြတ်ဆုံးသောကောင်းချီးသည် ဖြောင့်မတ်ခြင်း ဖြစ်သည်။ ကျွန်တော်တို့အပြစ်များ မရှိကြတော့ပါ၊ ယ္ခုဆက်ရှင်သောအသက်တာထဲတွင်ဖြောင့်မတ်ကြပြီဖြစ်သည်။ ဂလာတိ ၃း၆-၇ “ထိုနည်းတူ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။ ယုံကြည်ခြင်းရှိသောသူသည် အာဗြဟံ၏သားဖြစ်သည်။”

ထို့နောက်မှဆက်လာသော ကောင်းချီးမင်္ဂလာသည်၊ သန့်ရှင်းခြင်း ဖြစ်သည်။ အပြစ်အပေါ်ထားသော စိတ်ထားသစ်ဖြစ်သည်။ ရောမ ၆း၁-၂ “ထိုသို့မှန်လျှင်၊ အဘယ်သို့ပြောရမည်နည်း၊ ကျေးဇူးတော်ပွားများစေခြင်းငှာ အပြစ်တရားကို ကျင့်၍ နေရမည်လော၊ ထိုသို့မနေရ၊ အပြစ်တရားမှစုတေ့(သေ)သောသူတို့သည် ထိုတရား၌ အဘယ်သို့ရှင်ရဦးမည်နည်း။”

ထိုအရာများအားဖြင့် ကျွန်တော်တို့ကို ဘုန်းအသရေသို့ဝင်စားနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ သခင်ခရစ်တော် ကျွန်တော်တို့ရှေ့၌ သွားပြီးသကဲ့သို့ဖြစ်သည်။ ထို့နောက် သူ၏ဝိညာဉ်တော်ကို ကျွန်တော်တို့နှလုံးသားများသို့ စေလွှတ်ခါ၊ ဘုန်းအသရေနှင့်ပြည့်သောအသက်တာသို့ရှင်နိုင်ရန် ပြင်ဆင်ပေးသည်။ ထိုအသက်တာကို သူနှင့်အတူ ထာဝရနေထိုင်ရန် သွားကြချိန်တွင် ခံစားရမည်ဖြစ်သည်။

## ၃။ **သူငယ်ချင်းဖြစ်သောအသက်တာ**(The Life of Friendship)

ဤအရာအားလုံးက မည်သည်ကိုပြောနေသလဲဆိုသော် ကျွန်တော်တို့၏ပထမဆုံးမိဘများ အပြစ်ထဲကျဆုံး၍ ပျောက်ကွယ်ခဲ့ရသော သူငယ်ချင်းမိတ်ဆွေဖြစ်မှုကို ပြန်၍ရှိစေခြင်းဖြစ်ပါသည်။ သို့သော် ပို၍မြင့်မားသောအခြေအနေ၊ အာဒံနှင့်ဧဝက မတွေ့ကြုံဖူးခဲ့သောအဆင့်ဖြင့် ပြန်လည်တည် ရှိစေခြင်းဖြစ်သည်။

အပြစ်ကြောင့် လူသည် ဝိညာဉ်ရေးအရအထီးကျန်ခြင်းအဖြစ်သို့ ရောက်သွားသည်။ အပြစ်ထဲမကျဆုံးစဉ်က ပြည့်ဝစွာပွင့်လင်းခဲ့ပါသည်။ အရင်က အာဒံနှင့်ဧဝတို့သည် မိမိတို့အတွေးများ အလိုဆန္ဒများတို့ကို ပြည့်ဝစွာတဦးကိုတဦးဝေငှခံစားနိုင်ခဲ့ကြသည်၊ ထိုမှတဆင့် ဘုရားသခင်ထံသို့လဲ ဝေငှခံစားနိုင်ခဲ့ကြသည်။ ထိုစဉ်က ပြည့်ဝသောချစ်ခြင်း၏ အပြန်အလှန်သဘောသည် ပြည့်ဝနေခဲ့ပါသည်။

အပြစ်ဆိုသည် ဝင်လာသော် ထိုအရာတို့အားလုံးပြောင်းသွားခဲ့ပါသည်။ တယောက်စီတိုင်းသည် မိမိ၏ကြီးမားတိုးတက်မှုအတွက် ပိတ်လှောင်မိနေသဖြင့်၊ မိမိအတွက်သည် ပထမဆုံးအရေးကြီးဆုံးသော အသက်ရှင်သန်မှု၏ ရည်ရွယ်ချက်ဖြစ်လာခဲ့သည်။ ထိုအချက်ကို မည်သူနှင့်မှမျှဝေမခံစားနိုင်တော့ပါ။

လူတိုင်းသည် အတွင်းသဘောအရ အထီးကျန်ဆန်နေခြင်းသို့ ဆွဲယူသွားခြင်းခံကြရတော့သည်၊ အရာအားလုံးထက် နာကျင်ရသောအရာဖြစ်သည်။ လူတယောက်ကို အထီးကျန်နိုင်လှသောခံစားမှု၊ ရက်စက်မှု၊ မိမိကိုယ်ကို အလွဲသုံးစားမှုတို့သည် ထားပစ်ခဲ့ပါသည်။

ထိုအဖြစ်မှနေ၍ ပြောင်းစေနိုင်သောအရာသည် သခင်ခရစ်တော်အားဖြင့်ပြုပေးသော ဘုရားသခင့်ကျေးဇူးတော်၏ အံ့ဩစရာလုပ်ဆောင်ပေးမှုသာဖြစ်ပါသည်၊ ထိုအရာကသာတတ်စွမ်းနိုင်ပါသည်။ သခင်ခရစ်တော်သည် အမှန်တရားဝိညာဉ်တော်ကို သူလူများ၏နှလုံးသားများထဲသို့ ပို့တော်မူသည်။ ယော ၁၆း၁၃တွင် ပြောခဲ့သကဲ့သို့ဖြစ်သည်၊ "သမ္မာတရားနှင့်ပြည့်စုံသော ထို ဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည်ကိုယ်အလိုအလျှောက် ဟောပြောမည်မဟုတ်၊ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတံ့သောအရာတို့ကိုလည်း သင်တို့အား ဘော်ပြလိမ့်မည်။" မိမိတို့၏တကိုယ်ကောင်းဆန်ခြင်းများနှင့်အပြစ်များကို ထိပ်တိုက်ရင်ဆိုင်နိုင်ရန် ကျွန်တော်တို့ကို ခွန်အားပေးသူသည် ထို ဝိညာဉ်တော်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အပြစ်များကို သိလာသည်၊ ဝန်ချတောင်းပန်ခြင်း ပြုလာတတ်ကြပါသည်။ ကျွန်တော်တို့မျက်လုံးများကို ပွင့်လာစေလျှက် ဧဝံဂေလိအမှန်တရားကို လက်ခံလာရန် လုပ်ဆောင်ပေးသူလည်း သူပင် ဖြစ်သည်။ သခင်ယေရှုခရစ်တော်သည် အမှန်ဖြစ်သည်၊ တဦးတည်းသောကယ်တင်ရှင်၊ မဖြစ်မနေကိုးစားယုံကြည်ရမည့်သူဟု သိလာစေသူသည်လည်း သူပင်ဖြစ်ပါသည်။ သူက ကျွန်တော်တို့ထံ ယုံကြည်ခြင်းကိုပေးပါသည် (ဧဖက် ၂း၈)။ ထိုယုံကြည်ခြင်းမှနေ၍ ကျွန်တော်တို့၏အပြစ်များကိုခွင့်လွှတ်ပြီးဖြစ်ကြောင်း၊ အပြစ်၏ကျွန်များ မဟုတ်တော့ကြောင်း၊ ခရစ်တော်ထံအသက်ရှင်ဖို့ လွတ်လပ်သူများဖြစ်ကြပြီဖြစ်ကြောင်း စသည့်ကောင်းချီးများ စီးဆင်းလာကြပါသည် (ရောမ ၆း၁၁)။ ထိုသို့ဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏ သူငယ်ချင်းမိတ်ဆွေများ ပြန်ဖြစ်လာကြပြီဖြစ်သတည်း။

==============================================

## ဂျူးလူမျိုးဆိုသည်မှာ မည်သူနည်း(၂)

မည်သူသည် စစ်မှန်သောဝိညာဉ်ရေးဂျူး ဖြစ်သနည်း(ရောမ ၂း၂၈-၂၉)။ ဓမ္မဟောင်းကာလတွင်ရှိသော အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့မှ ဆင်းသက်သူများဖြစ်သည်။ ဥပမာ၊ ဘုရားသခင်၏စိတ်တော်နှင့်တွေ့သူ ဒါဝိတ်၊ ဘုရားတရားရိုသေသူ ဟန္န၊ သစ္စာရှိသော ယေရေမိ၊ ဟေဗြဲသြဝါဒစာ၊ အခန်းကြီး(၁၁)တွင် ဖေါ်ပြထားသောသူများ ပါဝင်ကြပါသည်။ ဓမ္မဟောင်းကာလတွင် ဖြစ်သော်လည်း တပါးအမျိုးသားများလဲ ထို ဂျူးအစစ်များထဲတွင် ပါကြပါသည်၊ အချို့တို့၏အမည်များကို ပြောရလျှင် ယေရိခေါ်မြို့သူ ရာခပ်၊ မောဘလူမျိုး ရုသ၊ ကုရှ(အီသီယိုပီးယား)အမျိုးသား ဧဗဒမေလက် တို့ဖြစ်ကြသည်။ ထို့အပြင် အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့မတိုင်ခင် ဘုရားသခင်ကို ယုံကြည်ကြသူများလည်း ပါပါသည်၊ ထိုစဉ်က ဂျူးဆိုသည့်စကားလုံး၊ အစ္စရေးဆိုသည့်စကားလုံးပင် မပေါ်သေးပါ၊ ဥပမာ၊ အာဗေလ၊ နောဧ၊ ရှေမ စသည်တို့ဖြစ်သည်။ ဂျူးလူမျိုးခရစ်ယာန်တို့လည်း ဂျူးအစစ်များဖြစ်ကြပါသည်၊ တမန်တော်(၁၂)ပါး (ယုဒမှလွဲ၍)၊ ဗာနဗ၊ ပေါလု စသည့် ပထမရာစုနှစ်တွင်းနေခဲ့ကြသူများ။ အမှန်ပြောရလျှင် ဓမ္မသစ်ကာလတလျှောက်တွင်လည်း ကျန်ကြွင်းသောဂျူးလူနည်းစုသည် ယုံကြည်သူများဖြစ်ကြပါသည်။ ဥပမာ၊ အဲလ်ဖရက်အီဒါရှင်မ်း(၁၈၂၅-၁၈၈၉၊ ဂျူးဘာသာမှပြောင်းလဲလာသူ၊ ဓမ္မကျမ်းစာပညာရှင်) ကဲ့သို့သောသူများ ဖြစ်သည်။ တပါးအမျိုးသားခရစ်ယာန်များသည်လည်း အတွင်းသဘောအားဖြင့် ဂျူးစစ်ဖြစ်ကြပါသည်။ ခရစ်ယာန်အသင်းတော်၊ ရွေးကောက်ခြင်းခံရသောယုံကြည်သူများ၊ မျက်မြင်ရသောအသင်းတော်၊ ယွှုရှိနေသောအသင်းတော်သည် ဝိညာဉ်ရေးဂျူးများဖြင့် ဖွဲ့စည်း ထားပါသည်(အသွေးအသားအားဖြင့် ဂျူးဖြစ်သူ၊ တပါးအမျိုးသားဖြစ်သူရောနေသည်)။

ကျမ်းစာက "အစ္စရေး"ဆိုသည့်စကားလုံးကိုလည်း ဝိညာဉ်ရေးနိမိတ်ပုံအဖြစ် သုံးလေ့ရှိပါသည်။ ဆာလံ ၇၃း၁ ကိုနားထောင်ကြည့်ပါ၊ "အကယ်စင်စစ် ဘုရားသခင်သည် နှလုံးသန့်ရှင်းသောသူတည်းဟူသော ဣသရေလအမျိုး၌ ကျေးဇူးကြီးတော်မူ၏။" နှလုံးသန့်ရှင်းသူသာ ဣသရေလဖြစ်ပါသည်။ ထိုသို့သော စကားလုံးကို သခင်ခရစ်တော်ကလည်း သုံးခဲ့သည်၊ "လှည့်စားခြင်းကင်းသော ဣသရေလလူစစ်ကို ကြည့်လော့" (ယော ၁း၄၇)။ ရှင်ပေါလုကလည်း ရောမ ၉း၆တွင် ထိုသို့ပြောခဲ့ပါသည်၊ "အကြောင်း

မူကား ဣသရေလနှင့်ဆက်နွယ်သောသူအပေါင်းတို့သည် ဣသရေလလူမှန်မဟုတ်။” ဂလာတိ ၆း၁၆ တွင် ယုံကြည်သူအားလုံးကို “ဘုရားသခင်၏ဣသရေလအမျိုး”ဟုခေါ်ပါသည်။

ဓမ္မဟောင်းကာလမှ ဘုရားသခင်၏လူတို့ကို ဂျူး၊ အစ္စရေး စသည့်အမည်များဖြင့်သာမကပါ၊ အာဗြဟံ၏သားသမီးများဟုလည်း ခေါ်ပါသည်။ ထိုစကားလုံးကိုလည်း ကျမ်းစာက နိမိတ်ပုံအဖြစ် သုံးပြန်သည်ကို တွေ့ရပါသည်။ ဂျူးဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ၊ အာဗြဟံ၏ယုံကြည်ခြင်းကဲ့သို့သော ယုံကြည်ခြင်းကို အပေးခံရသူများအားလုံးကို ကျမ်းစာက အာဗြဟံ၏သားသမီးများဟုခေါ်ပါသည်။ ဗတ္တိဇံဆရာယောဟန်က မယုံကြည်သော ဖါရိရှဲများ၊ ဇဒုကဲများကို ဤသို့သတိပေးပါသည်၊ “အာဗြဟံသည် ငါတို့အဘဖြစ်သည်ဟူ၍ စိတ်ထဲ၌ မအောက်မေ့ကြနှင့်၊ ဘုရားသခင်သည် ဤကျောက်ခဲတို့မှ အာဗြဟံသားတို့ကို ထုတ်ဘော်ဖန်ဆင်းနိုင်တော်မူသည်” (မဿဲ ၃း၉)။ ဘုရားသခင်သည် ထိုပြောဆိုချက်ကို တပါးအမျိုးသားများအားကယ်တင်ခြင်းဖြင့် နောက်ပိုင်းတွင်လက်တွေ့အကောင်အထည်ဖေါ်တော်မူသည်။ ယောဟန်(၈)မှ သခင်ခရစ်တော်၏ စကားလုံးများကို ကြည့်ပါ။ မယုံကြည်သောဂျူးများက သူတို့သည် အာဗြဟံ၏သားသမီးများဖြစ်ကြသည်ဟု ပြောနေကြသည် (၃၃)။ သခင်ယေရှုကအာဗြဟံ၏သားသမီးတို့သည် အာဗြဟံလုပ်သည့်အလုပ်များကို လုပ်ကြလိမ့်မည်ဟုပြန်ပြောသည် (၃၉)။ ထို့ကြောင့် သူတို့သည် အာဗြဟံ၏သားသမီးများမဟုတ်ဘဲ၊ နတ်ဆိုး၏သားသမီးများသာဖြစ်ကြကြောင်း ရှင်းစွာ ပြစ်တင်ပြောဆိုလိုက်ပါသည် (၄၄)။ ပေါလုက ရောမ ၉း၇ တွင်ပြောသလိုဖြစ်သည်၊ “အာဗြဟံ၏အမျိုးအနွယ်ဖြစ်သောသူအပေါင်းတို့သည် အာဗြဟံ၏သားမှန်မဟုတ်။” ဂလာတိ ၃း၂၉ ကဆက်ပြောသည်၊ “ခရစ်တော်နှင့်စပ်ဆိုင်လျှင် အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏။”

ထို့ကြောင့် မည်သည့်တိုင်းပြည်သားဖြစ်ပါစေ၊ သခင်ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်အသေခံတော်မူ၍၊ သေခြင်းမှထမြောက်သည်ဟု ယုံကြည်အားကိုးကြသူတိုင်းကို ဂျူး၊ အစ္စရေး၊ အာဗြဟံ၏သားသမီးများဟု ကျမ်းစာကခေါ်ပါသည်။ ကျွန်တော်တို့ကို “အရေဖျားလှီးခြင်းခံသူများ”ဟုလည်း ခေါ်ပါသည်၊ ဆိုလိုသည်မှာ စစ်မှန်သောဝိညာဉ်ရေးရာအရေဖျားလှီးခြင်းကို ပြောနေခြင်းဖြစ်သည်၊ “အပြင်အားဖြင့်သာ ကိုယ်အသား၌အရေဖျားလှီးခြင်းမဟုတ် . . . . . ဝိညာဉ်တော်တရားအားဖြင့် စိတ်နှလုံးနှင့် စပ်ဆိုင်သောအရေဖျားလှီးခြင်းဖြစ်၏၊ သူ၏အချီးအမွမ်းသည် လူအလိုနှင့်မဆိုင်၊ ဘုရားသခင့်အလိုတော်နှင့်ဆိုင်သတည်း”(ရောမ ၂း၂၈-၂၉)။ “ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကိုကိုးကွယ်၍ ဇာတိ၌ကိုးစားခြင်းမရှိဘဲ၊ ယေရှုခရစ်၌သာ ဝါကြွားဝမ်းမြောက်သောသူဖြစ်၍၊မှန်သောအရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏” (ဖိ ၃း၃)။ ကောလောသဲ ၂း၁၁၌ ပေါလုက ကျွန်တော်တို့သည် ခရစ်တော်ထံ၌ “လက်ဖြင့်မလုပ်သောအရေဖျားလှီးခြင်းကို ခံကြသည်”ဟု ရှင်းပြပါသည်။

==========================================

**ခေတ်သစ်ဆင်ခြင်ခြင်းဝါဒနှင့်ဘုရားသခင်ကိုမသိနိုင်ခြင်းအယူအဆ**

(Mordern Rationalism and the Unknowability of God)

ခေတ်သစ်ဆင်ခြင်ခြင်းအဓိကဝါဒက သိ၍မကုန်နိုင်သောဘုရားသခင် ဆိုသည့်အမှန်တရားကို သိ၍မရနိုင်သောဘုရားသခင် ဟူသည်နှင့်အစားထိုးလာပါသည်။ ဆင်ခြင်းခြင်းအဓိကဝါဒီ အီမန်နျူယယ်ကန့်(Immanuel Kant) က အချိန်နှင့်နေရာဆိုသည်မှာ အာရုံသိအသိ(sensation)ဖြင့်သာသိရသည်၊ ဓမ္မဓိဌာန်ကျသောအရှိတရားအဖြစ် တကယ်တမ်းတွင်မရှိဟု အမြင်သစ်ကိုတည်ဆောက်ပါသည်။ ထို့ကြောင့် အတွေ့အကြုံရှေ့ဆင်ခြင်စဉ်းစားခြင်းကဏ္ဍ(a priori modes of thinking)ထဲတွင်သာ ထည့်သွင်းရမည်ဟုပြောသည်။ ထိုသို့ဖြင့် အသိပညာအားလုံး၏ဖြစ်နိုင်ခြေသည် အတွေ့အကြုံဖြင့်သိနိုင်သော ဤကမ္ဘာပေါ်တွင်သာဖြစ်သည်ဟု ကန့်သတ်လိုက်ပါသည်။ လက်တွေ့လိုအပ်အကျိုးရှိမှုက ဆင်ခြင်ခြင်းသက်သက်ဖြင့် မည်သို့မျှမတွေ့နိုင်သော ဘုရားသခင်၊ ဝိညာဉ်၊ ထာဝရရှင်သန်ခြင်း ဆိုသည့်အိုင်ဒီယာများကို ဖြစ်ပေါ်စေသည်။ သို့သော် ထိုအသိပညာများသည် မည်သည့်အခါတွင်မျှ စစ်မှန်သောအသိပညာဖြစ်လာနိုင်မည်မဟုတ်ပါ၊ ထို့ကြောင့် ၎င်းတို့ကို ဓမ္မဓိဌာန်ကျခြင်းအတွင်း၌ မည်သို့မျှ ထည့်သွင်း၍ရမည်မဟုတ်ပါ။ ဘုရားသခင်ကိုသိခြင်းအသိပညာသည် ပုဂ္ဂလဓိဌာန်ကျသောအတွေးတခုမျှသာ ဖြစ်နေပါသည်၊ ထို့ကြောင့် ဘုရားသခင်ကိုသိသောအသိပညာကို ဒေ့ါမဲတစ်ပညာအဖြစ် သိပ္ပံနည်းကျစွာ စုစည်း

တည်ဆောက်ခြင်းသည် မဖြစ်နိုင်သောအရာတခုသာဖြစ်သည်ဟု ကန့်ကပြောပါသည်။

အစစ်အမှန်ဆိုသည်မှာ သိမြင်ခံစားထိတွေ့၍ရသောအရာများသာဖြစ်သည်ဟုပြောသော ပေါ့စီးတစ်ဗီးဇင်ဝါဒ(Positivism)က တင်းကြပ်သောယုတ္တိဗေဒစည်းမျဉ်းများကိုသုံးကာ အကယ်၍သာ ဘုရားသခင်ရှိခဲ့မည်ဆိုပါက၊ ထိုဘုရားသည် စစ်မှန်သောဘုရားစစ်ဖြစ်သည်ဆိုပါက၊ ထိုဘုရားသည်၊ အခြေအနေအလုံးစုံကတွန်းပို့နေသည်မှာ၊ မသိနိုင်သောအရာသာဖြစ်နေပါမည်၊ ဆိုလိုသည်မှာ သူသည် တကယ် ရှိမရှိ၊ သူသည်မည်သို့သောသူဖြစ်ကြောင်း ဘာကိုဘာမှမသိနိုင်ပါ ဟု သက်သေပြလေသည်။ ဟားဘတ်စပင်ဆာဆိုသည့် ဒဿနပညာရှင်က၊ စကြဝဠာကြီး၏မူလအစနှင့်ပတ်သက်၍ နားလည်၍ ရနိုင်မည့်အဆို သုံးမျိုးသာရှိနိုင်ပါသည်ဟု ပြောပါသည်၊ ၄င်းတို့မှာ သူ့ဘာသာသာဖြစ်လာခြင်း၊ မိမိဘာသာဖန်ဆင်းခြင်း၊ (သို့) ပြင်ပတခုခုက ဖန်ဆင်းခြင်း စသည်တို့ဖြစ်သည်။

**ခေတ်သစ်ဆင်ခြင်ခြင်းအဓိကဝါဒကို့ဝေဖန်ခြင်း**

ဆင်ခြင်ခြင်းအဓိကဝါဒ၏အားနည်းချက်နှင့်အချည်းနှီးဖြစ်မှုကို ဖေါ်ထုတ်ရန် မခက်ပါ။ ပထမအနေနှင့် ဆင်ခြင်ခြင်းအဓိကဝါဒက ဘုရားဆိုသည်မှာဤကဲ့သို့ဖြစ်မည်ဟု မိမိကိုယ်ပိုင်အတွေးများဖြင့်တည်ဆောက်ပါသည်။ ထိုသို့တည်ဆောက်ပြီးသောအခါ၊ ထိုသို့သောဘုရားကို မသိနိုင်ပါဟုပြောပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုဝါဒကတွေးသောဘုရားသည် ဆန့်ကျင်ဖက် အမြောက်အများနှင့်ဘုရား ဖြစ်နေသောကြောင့်ဖြစ်သည်။ ထိုဝါဒက ဘုရားဆိုသည်မှာ ပထမအကြောင်းအရာ၊ အလုံးစုံပြည့်ဝခြင်း၊ အနန္တပုဂ္ဂိုလ်ဖြစ်သည်ဟု ပြောသည်၊ ထို့နောက် မိမိတို့သတ်မှတ်သော ထိုစကားလုံးများကို တခါအနက် ဖွင့်ပြန်သည်၊ ထို့နောက် ထိုသို့သော စကားလုံးများထဲ ပါနေသော အကြောင်းအရာများကို ကျွန်တော်တို့ မသိနိုင်ပါဟု ပြောပြန်ပါသည်။ ထိုကြောင့် ဆင်ခြင်ခြင်းအဓိကဝါဒသည် သက်သက်မဲ့ မေးခွန်းများ တောင်းဆိုနေသောဝါဒ ဖြစ်သည်၊ တနည်းအားဖြင့် မိမိတည်ဆောက်သောဘုရား၊ အတွေး အခေါ်ရုပ်တုကို မိမိဘာသာ ခြေမှုန်းနေခြင်းသာ ဖြစ်ပါတော့သည်။

ဖွင့်ပြလျှက်ရှိသောဘုရားသခင်သည် ရှိနေသောအရာခပ်သိမ်းကိုဖြေရှင်းရန် လူ့အတွေးဖြင့်တွေးခေါ်ဖေါ်ထုတ်သော ပထမအကြောင်းအရာ မဟုတ်ပါ။ သူသည် ကောင်းကင်နှင့် မြေကြီးကိုဖန်ဆင်းသူဖြစ်သည်၊ သူသည် တချိန်ထဲတွင် သိ၍မကုန်နိုင်သူ၊ သို့သော် သိ၍ရနိုင်သူဖြစ်တော်မူသည်။ ဘာမှမရှိသော အဖြစ်မှနေ၍ အရှိတရားအားလုံးကို ရှိနေသကဲ့သို့ ခေါ်ထုတ်တော်မူသောသူဖြစ်သည်။ ဖွင့်ပြလျှက်ရှိသောဘုရားသခင်၊ ခရစ်ယာန်အသင်းတော်က ယုံကြည်ကိုးစားသော ဘုရားသခင်သည် အသက်မရှိသောအနန္တပုဂ္ဂိုလ်၊ အတွေးအခေါ်ပညာ၏ရုပ်တု မဟုတ်ပါ။ သူ့ကို ကျမ်းစာကအမြင့်ဆုံးသောဘုရား၊ မိမိ၏ကောင်းမြတ်ခြင်းများဖြင့် အစဉ်အမြဲ ကျွန်တော်တို့၏ အဆုံးစွန်သောတွေးခေါ်နိုင်သည်ထက်ပိုမြင့်မားတော်မူသောသူအဖြစ် ဖေါ်ပြပါသည်။

ဖွင့်ပြနေသောဘုရားသခင်သည် ဖန်ဆင်းထားသောသတ္တဝါများနှင့် မည်သို့သောဆက်သွယ်မှုမှ မရှိဘဲ အေးခဲစွာတကိုယ်တည်းနေသော အနန္တတန်ခိုးတော်ရှင်မဟုတ်ပါ။ သူသည် အမြဲတမ်းကွယ်ဝှက်နေတော်မူသောသူ(ဟေရှာ ၄၅း၂၅) ဖြစ်သော်လည်း၊ သူသည် ကြီးမားလွန်း၍ အကုန်သိနိုင်ရန် မဖြစ်သောသူ၊ နက်ရှိုင်းလွန်း၍ အခြေကိုတိုင်ရန် မဖြစ်နိုင်သူ၊ မည်သူမျှမချည်းကပ်နိုင်သော အလင်းထဲတွင်နေထိုင်သောသူ(၁တိ ၆း၁၆) ဖြစ်တော်မူသည်။ ဖန်ဆင်းခံဆိုသောသတ္တဝါအပေါင်းတို့အထက်၌ သီခြားမြင့်မားစွာ ရှိတော်မူသူ ဖြစ်သော်လည်း၊ တချိန်ထဲတွင် ကြီးမားလှသူဖြစ်တော်မူရကာ၊ သူ့အထဲတွင် ကျွန်တော်တို့သည် အသက်ရှင်လျှက်၊ လှုပ်ရှားလျှက်၊ မိမိတို့ဖြစ်တည်မှုကိုရရှိကြလျှက် ရှိပါသည် (တမန်၁၇း၂၈)။ ထို့ကြောင့် သူသည် မိမိကိုချစ်မြတ်နိုးသူတို့နှင့် အင်မတန်ရင်းနှီးစွာ၊ သူငယ်ချင်းမိတ်ဆွေများအဖြစ်နှင့် နေနိုင်တော်မူသော ဘုရားသခင် ဖြစ်တော်မူပါသည်။

ဆင်ခြင်ခြင်းအဓိကဝါဒ၏ဘုရားသည် ဘုရားမဟုတ်ပါ၊ လူအတွေးထဲ တွေးထားသောသက်မဲ့အတွေးတရပ်သာ ဖြစ်သည်။ ထိုသို့သော စပင်ဆာ၏ဘုရားကို မိသိနိုင်ဘဲနေခြင်းအား မည်သူကမျှဂရုစိက်နေမည်မဟုတ်ပါ။

ဒုတိယအနေနှင့်၊ အထက်ကပြောခဲ့သည်နှင့် နီးကပ်စွာပြောနိုင်သည်မှာ၊ ဆင်ခြင်ခြင်းအဓိကဝါ

ဒက သိနိုင်ခြင်းနှင့်အကုန်နားလည်သဘောပေါက်ခြင်းနှစ်ခုတို့ကို တူသည်ဟုမှတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် စပင်ဆာ၏ တွေးခေါ်ခြင်းကိုကြည့်လျှင် အကုန်နားမလည်နိုင်ခြင်းသည် မသိနိုင်ခြင်းဖြစ်သည်ဟု ပြောနေသည်ကို တွေ့ရသည်။

ထိုသို့သာမှန်မည်ဆိုလျှင်၊ စပင်ဆာအနေနှင့် အင်မတန်ရှည်လျှားစွာ ဘုရားသခင်ကိုမသိနိုင်ပါဟု ဆင်ခြေပေးနေစရာမလိုအပ်လှပါ၊ အဘယ်ကြောင့်ဆိုသော် လူကတွေးခေါ်နိုင်သော အနန္တဖြစ်ခြင်း၊ ပြည့်စုံခြင်း၊ ပထမအကြောင်းအရာ စသည်တို့သည် မည်မျှပင် ယေဘုယျကျနေစေကာမူ၊ အကန့်အသတ်တော့ရှိနေမြဲဖြစ်သည်။ သမုတိသဘောကိုဆောင်နေဆဲဖြစ်သည်၊ အကြောင်းနှင့်အကျိုးဥပဒေသအောက်မှ တွေးနေခြင်းဖြစ်သည်။ ထို့ကြောင့် လူဖြစ်သော ကျွန်တော်က တွေးနိုင်သောဘုရားသည် အကန့်သတ်နှင့်ဘုရားဖြစ်နေသည်၊ ထို့ကြောင့် ဘုရားမဟုတ်တော့ပါ။

တွေး၍မရခြင်း(သို့)သိ၍မကုန်နိုင်ခြင်းသည် မသိနိုင်ခြင်းနှင့် ထပ်တူမကျပါ။ အကယ်၍သာ လူသား၏အတွေးက သိ၍မကုန်နိုင်သောသူကို အကုန်သိနိုင်မည်ဆိုပါမှ၊ အနန္တဖြစ်ခြင်းကို အကန့်အသတ်ရှိသူက ရောက်နိုင်မည်ဆိုမပါမှ၊ ပြောင်းလဲနေသူက၊ မပြောင်းလဲသူထံ ရောက်နိုင်သည်ဆိုပါမှ ထိုအဆိုမှန်နိုင်ပါမည်။ ထိုသို့ဖြစ်ခဲ့လျှင်လည်း၊ သိ၍မကုန်နိုင်ခြင်းသည် မဟုတ်ဝါကျများနှင့်ပြောနိုင်ယုံထက်ပိုမည်မထင်ပါ။ နောက်ဆုံးပြောနိုင်မည်မှာ ထိုသို့သောဘုရားရှိကြောင်းကိုငှ်း၊ မရှိကြောင်းကိုငှ်း သေချာအောင် မပြောနိုင်ပါဆိုသည့်အဆင့်သာဖြစ်ပါမည်။

သို့သော် သိ၍မကုန်နိုင်သူက သူ၏အကြောင်းကို ကျွန်တော်တို့ထံပြောချင်သည်ဆိုလျှင် ထိုသို့မဟုတ်တော့ပါ၊ အကန့်အသတ်မရှိသူက အကန့်သတ်ရှိစကားလုံးများကိုသုံး၍ သူ၏အကြောင်းကို ပြောပြလိုလျှင်၊ အနန္တဖြစ်သူက မိမိဘာသာနှိမ့်ချလျှက်၊ အမြဲပြောင်းနေသောအရပ်သို့ကြွလာကာ မိမိအကြောင်းကို ပြောပြလိုလျှင် ဖြစ်နိုင်ပါသည်။ ထိုအခါ ဘုရားသခင်၏နတ်ကပတ်တော်ကို ယုံကြည်သောသူ ကြားသောသူအတွက် ဘုရားသခင်သည် မည်သူဖြစ်သည်၊ မည်သို့ဖြစ်သည် ဆိုသည့် ဘုရားသခင်၏အကြောင်းများကို ကောင်းစွာသိလာနိုင်ပါသည်။ ထိုအခါ။ ထိုသို့သိနေရင်းဖြင့် ဘုရားသခင်သည် သိ၍မကုန်နိုင်သူလည်း ဖြစ်တော်မူသည်ဟု ထပ်၍သိလာကြပါသည်။ ထိုသို့ဖြင့် သူ၏အကြောင်းအားလုံးကို မသိကြသော်လည်း၊ သူက သူတို့ထံတွင် သိစေချင်သမျှဖွင့်ပြသောအကြောင်းအားလုံးကို သိလာနိုင်ကြပါသည်။ ထိုအသိပညာတွင် သူတို့သည် ဒဿပညာ၏အတွေးအမြင်မျှလောက်သာ သိခြင်းမဟုတ်တော့ပါ၊ သူတို့သည် ထာဝရအသက်ကို ရလာကြခြင်းဖြစ်ပါသည်။

တတိယအနေနှင့် ဆင်ခြင်ခြင်းအဓိကဝါဒ၏ အနက်ရှိုင်းဆုံးအပြစ်နှင့်အများသည် ဘုရားသခင်၏ဖွင့်ပြချက်ကို ဘေးဖယ်ထားခြင်း၊ လစ်လျှူရှုခြင်း၊ ငြင်းပယ်ခြင်းနှင့် ဆန့်ကျင်ဖက်ပြုခြင်းတို့ဖြစ်ကြောင်း ထင်ရှားလာပါသည်။ ထို့ကြောင့် ကျွန်တော်တို့ သတိထားကြရပါမည်၊ မဟုတ်ပါက ထိုနက်ရှိုင်းသောအပြစ်ပြုခြင်းဖြစ်သည့်စိတ်သဘောထားနှင့် ဒဿနပညာ၏လုပ်ဆောင်ချက်များကို လေးစားမိမည် စိုးရိမ်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဒဿနပညာ၏လုပ်ဆောင်ချက်များသည်မယုံကြည်သောစိတ်သဘောထားမှ မယုံကြည်စွာ လုပ်ဆောင်ခြင်းဖြစ်သည်။ မယုံကြည်ခြင်းသည် အပြစ်ဖြစ်ပါသည်။ ခရစ်ယာန်၏ဝန်ခံခြင်းများနှင့် ဒဿနပညာ၏နိဂုံးဆွဲချက်များးအကြား တည်ရှိနေသော ဆန့်ကျင်ဖက်ဖြစ်မှုသည် ယုံကြည်ခြင်းနှင့်အတွေးအခေါ်ကြား ဆန့်ကျင်ဖက်ဖြစ်နေခြင်းမဟုတ်ပါ၊ ကျေးဇူးတော်နှင့်သဘာဝအကြား တည်ရှိနေသော ဆန့်ကျင်ဖက်ဖြစ်ခြင်းမဟုတ်ပါ။ ယုံကြည်ခြင်းနှင့်မယုံကြည်ခြင်းအကြား တည်ရှိနေသော ဆန့်ကျင်ဖက်ဖြစ်မှုသာဖြစ်ပါသည်။ ကျေးဇူးတော်နှင့်အပြစ်အကြား တည်ရှိနေသောဆန့်ကျင်ဖက်ဖြစ်ခြင်းဖြစ်ပါသည်။ (အမှုတော်မြတ်၌ - ဆရာဆန်ကျဲ)